ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

ပတ္တလားအုပ်စု၊ အုတ်မြေဒူးကျေးရွာ

## မာတိကာ


စဉ် အကြောင်းအရာ

၁။ မြို့နယ်မြေပုံ

၂။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၃။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း(PSA /PRA) အကျဉ်းချုပ်ဇယား

၄။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

၅။ ကဏ္ဍအလိုက်ဖွံ့ဖြိုးရေးဦးစားပေးလုပ်ငန်းစဉ်များ

၆။ ကော်မတီဝင်များစာရင်း

၇။ ကျေးရွာအချက်အလက် (ပုံစံ - ၁)

၈။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ - ၂)

၉။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ - ၃)

၁၀။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းများရွေးချယ်ခြင်း (ပုံစံ - ၄)


၁၁။ အစည်းအဝေးတက်ရောက်သူများစာရင်း (ပုံစံ - ၁၂)

၁၂။ အစည်းအဝေးမှတ်တမ်းများ

၁၃။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ် တမ်းဓာတ်ပုံများ

# ကျောက်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## မြို့နယ်မြေပုံ



ပတ္တလားကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများ


| စဉ် | ကျေးရွာအမည် |
|---|---|
| ၁။ | ပတ္တလားရွာသစ်ကျေးရွာ |
| ၂။ | ကြိမ်တောမြောင်ကျေးရွာ |
| ၃။ | အုတ်မြေဒူးကျေးရွာ |
| ၄။ | ပေါက်သတောကျေးရွာ |
| ၅။ | ထိပ်ပေါက်ကျေးရွာ |

# လူမှုဆန်းစစ်ခြင်းအနှစ်ချုပ်

| စဉ် | အကြောင်းအရာ | နေ့စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာလူမှုရေးအရင်းအမြစ်ပြမြေပုံ | ၂၂/၂/၂၀၁၇ | ကျေးရွာလူထု | ၁၂ | ၂၇ | ၃၉ | အိမ်အမျိုးအစား၊အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊လယ်ယာမြေ၊ရေတွင်း၊ရေကန်၊သစ်တောများကိုမှတ်သားပြီးအသုံးပြုနိုင်မှုပြဿနာအခက်အခဲများကိုဆန်းစစ်ခြင်း |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၂၂/၂/၂၀၁၇ | ကျေးရွာလူထု | ၁၂ | ၂၇ | ၃၉ | ရာသီဥတု၊စိုက်ပျိုးသီးနှံများလယ်ယာလုပ်ငန်းများ၊နေ့စားကျပန်းလုပ်ငန်းများ၊ပွဲတော်များ |
| ၃ | ဥစ္စာနေကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၂၂/၂/၂၀၁၇ | ကျေးရွာလူထု | ၁၂ | ၂၇ | ၃၉ | ကျေးရွာလူမှုစီးပွားအုပ်စုခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများသတ်မှတ်ခြင်း ကျေးရွာသားများနှင့်အများသဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၄ | ကျား/မ ရေးရာပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၂၂/၂/၂၀၁၇ | ကျေးရွာလူထု | ၁၂ | ၂၇ | ၃၉ | အရင်းအမြစ်များစာရင်းပြုစုခြင်း၊အရင်းအမြစ်များကိုကျား/မပိုင်ဆိုင်မှု၊ထိန်းချုပ်မှု၊အသုံးပြုနိုင်မှုကိုဆန်းစစ်လေ့လာခြင်း |

| စဉ် | အကြောင်းအရာ | နေ့စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၅ | အဖွဲ့အစည်းချိတ်ဆက်မှုလေ့လာခြင်း | ၂၂/၂/၂၀၁၇ | ကျေးရွာလူထု | ၁၂ | ၂၇ | ၃၉ | ကျေးရွာဖွံ့ဖြိုးရေးအတွက်ရွာတွင်းရွာပြင်အဖွဲ့အစည်းအသီးသီးနှင့်မည်သို့ချိတ်ဆက်လုပ်ဆောင်ကြသည်ကိုလေ့လာဆန်းစစ်ခြင်း |
| ၆ | ပင့်ကူအိမ်သုံးသပ်ခြင်း | ၂၂/၂/၂၀၁၇ | ကျေးရွာလူထု | ၁၂ | ၂၇ | ၃၉ | အမျိုးသားနှင့်အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှု/မရရှိမှုနှင့်ကွာဟချက်ကိုဆန်းစစ်ခြင်း |
| ၈ | ပြဿနာသစ်ပင်(အမျိုးသား) | ၂၂/၂/၂၀၁၇ | ကျေးရွာလူထု | ၁၂ | ၂၇ | ၃၉ | အခက်အခဲတစ်ခုအပေါ်အကြောင်းအရင်း၊အကျိုးအကျိုးဆက်နှင့်တကွဆက်စပ်လေ့လာပြီးလိုအပ်ချက်ကိုဆန်းစစ်အတည်ပြုခြင်း |
| ၉ | ပြဿနာသစ်ပင်(အမျိုးသမီး) | ၂၂/၂/၂၀၁၇ | ကျေးရွာလူထု | ၁၂ | ၂၇ | ၃၉ | အခက်အခဲတစ်ခုအပေါ်အကြောင်းအရင်း၊အကျိုးအကျိုးဆက်နှင့်တကွဆက်စပ်လေ့လာပြီးလိုအပ်ချက်ကိုဆန်းစစ်အတည်ပြုခြင်း |
| ၁၀ | ကျေးရွာ၏(၄)နှစ်စာဦးစားပေးအစီအစဉ် | ၂၂/၂/၂၀၁၇ | ကျေးရွာလူထု | ၁၂ | ၂၇ | ၃၉ | အကျိုးခံစားခွင့်၊အကျိုးပြုသူဦးရေအဓိကလိုအပ်ချက်အအပေါ်မူတည်၍စီမံကိန်းရေးဆွဲခြင်း |

# အုတ်မြေဒူး ကျေးရွာ အရင်းအမြစ် ပြ မြေပုံ



ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ပတ္တလားအုပ်စု၊ အုတ်မြေဒူးကျေးရွာ၏ လူမှုရေးအရင်း အမြစ်ပြမြေပုံသုံးသပ်ချက်

နေ့စွဲ - ၂/၂၂/၂၀၁၇

နေရာ-အုတ်မြေဒူးကျေးရွာစာသင်ကျောင်း

အုတ်မြေဒူးကျေးရွာသည်ကျောက်ကြီးမြို့၏ အရှေ့တောင်ဘက် (၆)မိုင်ခန့်တွင်တည်ရှိပါသည်။ အိမ်ခြေ စုစုပေါင်း (၇၀)အိမ်ရှိပါသည်။အုတ်မြေဒူးကျေးရွာတွင် ဗုဒ္ဓဘာသာနှင့်ခရစ်ယာန်ဘာသာ ကိုကိုးကွယ်ကြပါသည်။လူဦးရေ(၄၀၂)ဦးရှိ ပြီးအမျိုးသား(၂၀၁) ဦးနှင့်အမျိုးသမီး(၂၀၁)ဦးရှိပါ သည်။

ပညာရေး

အုတ်မြေဒူးကျေးရွာတွင်မူလွန်ကျောင်းရှိပြီး ယခင်က ကျောင်းဆောင် မလုံလောက်သော်လည်း (၂၀၁၆)ခုနှစ် တွင် လူထုဗဟိုပြုစီမံကိန်းရံပုံငွေဖြင့် ကျောင်းဆောင်သစ်တိုးချဲ့လိုက်သောကြောင့် ကလေးများစာသင်ရာတွင် ကျောင်းဆောင်မလုံလောက်ခြင်းအခက်အခဲ မရှိတော့ပါ။

လမ်းပန်းဆက်သွယ်ရေး

အုတ်မြေဒူးကျေးရွာ၏ရွာတွင်းလမ်းမှာမြေသားလမ်းဖြစ်ပြီးကျောက်ကြီးမြို့သို့သွားသောလမ်းမှာဂဝံ လမ်း ဖြစ်ပါသည်။ရွာတွင်းလမ်းမကောင်းခြင်းကြောင့်သွားလာရေးခက်ခဲ ပါသည်။

ကျန်းမာရေး

အုတ်မြေဒူးကျေးရွာသည် ဆေးပေးခန်းမရှိသဖြင့် ကျန်းမာရေးအခက်အခဲ ဖြစ်လာပါက အုပ်စုရွာဆေးပေးခန်းသို့လည်းကောင်း ကျောက်ကြီးမြို့သို့လည်းကောင်း တက်ရောက် ကုသရပါသည်။

စီးပွားရေး

အုတ်မြေဒူးကျေးရွာသည် လယ်၊ ကိုင်းနှင့်  ငါးရှာ၊ ဈေးရောင်း ကျဘမ်း အလုပ်များကို လုပ်ကိုင်ကြပါသည်။ အုတ်မြေဒူးကျေးရွာတွင် ကျဘမ်းလုပ်ကိုင်သူ ပေါများပြီး အလုပ်အကိုင်နည်းပါးမှုကြောင့် စားဝတ်နေရေးအတွက်အခက်အခဲဖြစ်နေပါသည်။

ပြဿနာအနှစ်ချုပ်

အုတ်မြေဒူးကျေးရွာ၏ ပြဿနာအနှစ်ချုပ်မှာ ရွာတွင်းလမ်းမကောင်းသည့်အတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးတို့တွင် အခက်အခဲရှိပါသည်။ အလုပ်အကိုင်ရှားပါးမှုကြောင့် စားဝတ်နေရေး ခက်ခဲ ကြသည်။

ဦးဆောင်ဆွေးနွေးသူ - ဒေါ်ယဉ်မင်းသူ၊ဒေါ်ယုယအောင်

ပါဝင်ဆွေးနွေးသူ - ကျေးရွာသူ/ သား

# ရာသီခွင်ပြပြက္ခဒိန်

ကျေးရွာ -အုတ်မြေဒူး	အုပ်စု -ပတ္တလား	နေ့စွဲ - ၂၂.၂.၂၀၁၇

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
| --- | --- | --- | --- | --- | --- | --- | --- | --- | --- | --- | --- | --- |
| လယ် | | ■ | ■ ■ | ■ ■ ■ | ■ ■ ■ | ■ | ■ | ■ ■ ■ | ■ ■ ■ | ■ | | |
| ကိုင်း | | | | | | ■ ■ ■ | ■ ■ ■ | | | ■ ■ ■ | ■ ■ ■ | |
| ထင်းခွေ | ϟ ϟ ϟ | | | | | | | | | | | ϟ ϟ ϟ |
| ငါးရှာ | ⧗ | ⧗ | ⧗ ⧗ | ⧗ ⧗ | ⧗ ⧗ | ⧗ ⧗ ⧗ | | | | | | ⧗ |
| မိုးများချိန် | | 💧 | 💧 💧 | 💧 💧 💧 | 💧 💧 💧 | 💧 💧 | 💧 | | | | | |
| ဝင်ငွေနည်းချိန် | ⊘ | ⊘ | ⊘ | ⊘ ⊘ | ⊘ ⊘ ⊘ | ⊘ ⊘ ⊘ | | | | | | ⊘ |
| အလုပ်ရှားချိန် | ↓ ↓ ↓ | ↓ ↓ ↓ | ↓ ↓ | ↓ | | | | | | | | |
| ပွဲတော်ချိန် | ✹ ✹ ✹ | ✹ | | | | | | | | | | ✹ ✹ |
| ကျန်းမာရေးညံ့ချိန် | | | | | | ◆ ◆ ◆ | ◆ ◆ | ◆ ◆ | ◆ | ◆ | ◆ | |

## ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ပတ္တလားကျေးရွာအုပ်စု၊ အုတ်မြေဒူးကျေးရွာ၏ ရာသီခွင်ပြပြက္ခ ဒိန်သုံးသပ်ချက်

နေ့စွဲ - ၂၂.၂.၂၀၁၇

နေရာ - အုတ်မြေဒူးကျေးရွာ စာသင်ကျောင်း

အုတ်မြေဒူးကျေးရွာ၏ အဓိကအသက်မွေးဝမ်းကျောင်းများမှာ လယ်၊ ကိုင်း၊ အင်းနှင့်ကျဘမ်းလုပ်ငန်း များဖြစ်ပါသည်။နယုန်လ ၊ဝါဆိုလနှင့် ဝါခေါင်လတွင် စပါးပျိုးကြဲခြင်းနှင့် မိုးပဲများ စိုက်ပျိုးခြင်း လုပ်ငန်းကို လုပ်ကိုင်ပြီး တော်သလင်း၊ သီတင်းကျွတ်နှင့် တန်ဆောင်မုန်း လတွင် သီးနှံများ ရိတ်သိမ်း ကြပါသည်။ အင်းလုပ်ငန်းအား တန်ခူးလမှ တော်သလင်းလအထိ အနည်းငယ် လုပ်ကိုင် ကြပါသည်။ဘာသာရေးပွဲတော်အနေဖြင့် တန်ခူးလတွင် သင်္ကြန် ပွဲကျင်းပပါသည်။ ပြာသို၊ တပို့တွဲ၊ တပေါင်း၊ တန်ခူးနှင့် ကဆုန်လများတွင် ကျေးရွာသူကျေးရွာသားများ အလုပ်အကိုင်နည်းပါးပြီး ထိုလများတွင် ကျေးရွာဖွံ့ဖြိုးရေး  လုပ်ငန်းများလုပ်ကိုင်မည်ဆိုလျှင် ကျေးရွာတွင်အလုပ် အကိုင်အခွင့်အလမ်းများ ပေါ်များ လာမည်ဖြစ်သည်။

ဦးဆောင်ဆွေးနွေးသူ - ဒေါ်ယဉ်မင်းသူ၊ဒေါ်ယုယအောင်

ပါဝင်ဆွေးနွေးသူ - ကျေးရွာသူကျေးရွာသားများ

# မနေအင်အားအဆင့်သတ်မှတ်ခြင်း

ကျေးရွာ - အုတ်မြေဒူး        အုပ်စု - ပတ္တလား        နေ့စွဲ - ၂၂.၂.၂၀၁၇

| အမျိုးအစား | သတ်မှတ်ချက်/ညွှန်းကိန်း | အိမ်ထောင်စု အရေအအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | အုတ်ခံသွပ်မိုးအိမ်၊လယ်၊ကိုင်း၊ဆိုင်ကယ်၊လှည်း၊ နွား၊ပျဉ်ကာ၊ဒေါင်ဖန်း၊ထွန်စက် | ၄ | ၅.၇၁% |
| အလယ်အလတ် | လယ်၊ကိုင်း၊လှည်း၊နွား၊ ဆိုင်ကယ်၊ပျဉ်ထောင် သွပ်မိုးအိမ်၊ | ၃၆ | ၅၁.၄၃% |
| နွမ်းပါး | ဆိုင်ကယ်၊သက်ကယ်မိုးထရံကာ၊စက်ဘီး | ၁၅ | ၂၁.၄၃% |
| အနွမ်းပါးဆုံး | သက်ကယ်မိုး၊ထရံကာ၊စက်ဘီး၊ဝက်၊ဘဲ၊ကြက်၊ လက်လုပ်လက်စား | ၁၅ | ၂၁.၄၃% |
| စုစုပေါင်း | | ၇၀ | ၁၀၀% |

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ပဌ္ဌလားအုပ်စု၊အုတ်မြေဒူးကျေးရွာ၏ဥစ္စာခွဲခြားမှု သုံးသပ်ချက်

နေ့စွဲ -၂၂.၂.၂၀၁၇

နေရာ-အုတ်မြေဒူးကျေးရွာစာသင်ကျောင်း

အုတ်မြေဒူးကျေးရွာ၏ အဓိကစီးပွားရေးမှာ လယ်၊ ကိုင်းကို အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ မိုးတွင်းကာလ၌ လယ်၊ယာများတွင် လယ်စိုက်ပျိုးခြင်း၊ ပဲစိုက်ပျိုးခြင်း လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ဆောင်းရာသီတွင် စပါးများရိတ်သိမ်းခြင်း၊ ပဲများကိုရိတ်သိမ်းခြင်းနှင့် ဆောင်းပဲများပြန်လည် စိုက်ပျိုးကြပါသည်။ အုတ်မြေဒူးကျေးရွာ၏ နေအိမ်အခြေအနေမှာ အုတ်ခံသွပ်မိုး၊ ပျဉ်ထောင်အိမ်၊ သက်ကယ်မိုးဝါးအိမ်များဖြင့် ဆောက်လုပ်နေကြသည်။ အဆင်ပြေသော မိသားစုတို့သည် လယ်၊ နွား၊ ဆိုင်ကယ်၊ ထွန်စက် (အသေး)များပိုင်ဆိုင်ကြပြီး အလယ် အလတ် မိသားစုများတွင် စက်ဘီး၊ ဂက်၊ ဘဲ ၊ကြက်များသာ ပိုင်ဆိုင်ကြပါသည်။ သာမန်မိသားစုများတွင် လက်လုပ်လက်စား ကျဘမ်းအလုပ်များသာ လုပ် ကိုင်ကြပါသည်။

ပြဿနာအနှစ်ချုပ်

အုတ်မြေဒူးကျေးရွာသည် လယ်ယာစိုက်ပျိုးခြင်း အဓိကထား၍ လုပ်ကိုင်ကြပြီး လက်လုပ်လက်စားပေါ်များပါသည်။ကျေးရွာတွင် အလုပ်အကိုင် အခွင့်အလမ်း နည်းပါးပါသည်။

# ကျား/မရေးရာခွဲခြမ်းစိတ်ဖြာခြင်း

ကျေးရွာ - အုတ်မြေဒူး　　　　အုပ်စု -ပတ္တလား　　　　နေ့စွဲ - ၂၂.၂.၂၀၁၇

| အကြောင်းအရာ | ပိုင်ဆိုင်မှု | | | အသုံးပြုမှု | | | ထိန်းချုပ်မှု | | |
|---|---|---|---|---|---|---|---|---|---|
| | ကျား | မ | ကျား+မ | ကျား | မ | ကျား+မ | ကျား | မ | ကျား+မ |
| လယ်/ကိုင်း | | | ★ | ★ | | | ★ | | |
| အင်း/အိုင် | | | ★ | ★ | | | ★ | | |
| ထွန်စက်/ဆန်စက်/ဆိုင်ကယ် | | | ★ | ★ | | | | | ★ |
| လှည်း/နွား | | | ★ | ★ | | | ★ | | |
| ကြက်/ဝက် | | | ★ | | | ★ | | ★ | |
| ဆိုင်ကယ်/အိမ်/ခြံ | | | ★ | | | ★ | | | ★ |

ပံ့ပိုးကူညီသူ - ဒေါ်ယဉ်မင်းသူ၊ ဒေါ်ယုယအောင်

ပါဝင်သူ - ကျား (၁၅) + မ (၁၈)

## ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ် ပတ္တလားအုပ်စု၊ အုတ်မြေဒူးကျေးရွာ၏ အရင်းအမြစ် အသုံးချမှု၊ ခွဲခြမ်းစိတ်ဖြာမှုသုံး သပ်ချက်

နေ့စွဲ - ၂၂.၂.၂၀၁၇

နေရာ - အုတ်မြေဒူးကျေးရွာစာသင်ကျောင်း

အုတ်မြေဒူးကျေးရွာ၏အရင်းအမြစ်အသုံးချမှု၊ခွဲခြမ်းစိတ်ဖြာမှုသုံးသပ်ချက်ကိုအမျိုးသားနှင့် အ မျိုးသမီးများပူးပေါင်းဆွေးနွေးခဲ့ကြပါသည်။

အုတ်မြေဒူးကျေးရွာတွင် အရင်းအမြစ်များအဖြစ် အိမ်၊ လှည်း၊ လယ်၊ နွား၊ စက်ဘီး၊ ဆိတ်၊ ဆိုင်ကယ်၊လယ်ထွန်စက်အသေး၊ကျွဲ၊ နွား၊ဂက်တို့ရှိပါသည်။ထိုအရင်းအမြစ်နှင့် ပတ်သက်၍လှည်း၊ နွား၊ ဆိတ်၊ နှင့်လယ်ထွန်စက် အသေးများကို အမျိုးသားများက အသုံးပြုကြပြီး ဂက်ကိုအမျိုးသမီးများက အသုံးပြုကြပါသည်။ အိမ်၊ စက်ဘီး၊ လယ်၊ ဆိုင်ကယ်များကို အမျိုးသားနှင့် အမျိုးသမီးများက အသုံးပြုကြပါသည်။ ဂက်ကိုအမျိုးသမီးများက ထိန်းချုပ်ထားပြီး အိမ်၊ ဥယျာဉ်၊ လှည်း၊ လယ်၊ နွား၊ စက်ဘီး၊ ဆိတ်၊ ဆိုင်ကယ်၊ လယ်ထွန်စက် အသေး၊ကျွဲ၊ နွားတို့ကို အမျိုးသားနှင့် အမျိုးသမီးများက ထိန်းချုပ် ကြပါသည်။

### ပြဿနာအနှစ်ချုပ်


အုတ်မြေဒူးကျေးရွာသည် လယ်ယာစိုက်ပျိုးရေးနှင့် ဥယျာဉ်ခြံလုပ်ငန်းကို အဓိကလုပ် ကိုင် စားသောက်ကြရာ လယ်ထွန်စက်အသေး၊ လှည်း၊ နွား၊ ဆိတ် ၊ဥယျာဉ်ခြံစသည့် အရင်းအမြစ်များကို အမျိုးသားများ အဓိကထားအသုံးပြုပြီး အမျိုးသမီးများမှာ အိမ်မှုကိစ္စများကိုသာ အလေးထားဆောင်ရွက်နေကြပါသည်။

ဦးဆောင်ဆွေးနွေးသူ - **ဒေါ်ယဉ်မင်းသူ၊ဒေါ်ယုယအောင်**

ပါဝင်ဆွေးနွေးသူ - ရွာသူရွာသားများ

# အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား

ကျေးရွာ - အုတ်မြေဒူး　　　　အုပ်စု -ပတ္တလား　　　　နေ့စွဲ - ၂၂.၂.၂၀၁၇




ပွဲပိုးကူညီသူ - ဒေါ်ယဉ်မင်းသူ၊ဒေါ်ယုယအောင်

ပါဝင်သူ -

ပဲခူးတိုင်းဒေသကြီး၊ကျောက်ကြီးမြို့နယ်၊ ပတ္တလားအုပ်စု၊ အုတ်မြေဒူးကျေးရွာ၏ အဖွဲ့အစည်းချိတ် ဆက်ပုံသုံးသပ်ချက်

နေ့စွဲ - ၂၂.၂.၂၀၁၇

နေရာ-အုတ်မြေဒူးကျေးရွာစာသင်ကျောင်း

အုတ်မြေဒူးကျေးရွာတွင်ရှိသော အဖွဲ့အစည်းများမှာ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူး၊ ဂေါပကအဖွဲ့၊ အသင်းတော်အဖွဲ့၊ မွေးမြူရေးသမအဖွဲ့၊ CSSDDကော်မတီ၊ လူထုဗဟိုပြုစီမံကိန်းကော်မတီတို့ဖြစ်ပါသည်။ ကျေးရွာပြင်ပနှင့် ချိတ်ဆက်မှုရှိ သောအဖွဲ့များမှာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရဲစခန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ဖြစ်ပါသည်။


အုတ်မြေဒူးကျေးရွာ၏ သာရေးနာရေး၊ လူမှုရေးနှင့်ဖွံ့ဖြိုးရေးတို့တွင် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူး၊ ဂေါပကအဖွဲ့၊ အသင်းတော်အဖွဲ့၊ လူမှုရေးအဖွဲ့၊ CSSDD ကော်မတီ၊ လူထုဗဟိုပြုစီမံကိန်းကော်တီတို့သည် ချိတ်ဆက်၍ အတူတကွ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။

ဦးဆောင်ဆွေးနွေးသူ - ဒေါ်ယုယအောင်၊ဒေါ်ယဉ်မင်းသူ

ပါဝင်ဆွေးနွေးသူများ - ကျေးရွာသူကျေးရွာသားများ

# ပင့်ကူအိမ်သုံးသပ်ခြင်း

ကျေးရွာ - အုတ်မြေဒူး　　အုပ်စု -ပတ္တလား　　နေ့စွဲ - ၂၂.၂.၂၀၁၇




ပံ့ပိုးကူညီသူ - ဒေါ်ယုယအောင်၊ဒေါ်ယဉ်မင်းသူ

ပါဝင်သူ -

အညွှန်း -　　အနီ - အမျိုးသား　　အနက် - အမျိုးသမီး

# ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ပတ္တလားအုပ်စု၊ အုတ်မြေဒူးကျေးရွာ၏ ပင့်ကူအိမ်သုံး သပ်ချက်

နေ့စွဲ ၂၂.၂.၂၀၁၇

နေရာ - အုတ်မြေဒူးကျေးရွာစာသင်ကျောင်း

ပေါက်သတောကျေးရွာ ပင့်ကူအိမ်သုံးသပ်ရာတွင် ခေါင်းစဉ်(၈)ခုဖြင့်ဆွေးနွေးခဲ့ပါသည်။ (၁) ပညာရေး ၊ (၂) လူမှုရေး၊ (၃) အိမ်မှုကိစ္စ၊ (၄) ဆုံးဖြတ်ချက်ချမှု၊ (၅) ဦးဆောင်နိုင်မှု၊ (၆) ပိုင်ဆိုင်မှုထိန်းချုပ်မှု၊ (၇) ဝင်ငွေရရှိမှု၊ (၈) ကျန်းမာရေး တို့ဖြစ်ပါသည်။

အုတ်မြေဒူးကျေးရွာ၏အမျိုးသားနှင့်အမျိုးသမီးပညာရေးအခြေအနေသုံးသပ်ချက်မှာအမျိုးသားများသည်(၅၀%)ရရှိပြီးအမျိုးသမီးများသည်(၆၀%)ရရှိသည်။အမျိုးသားများသည်အမျိုးသမီးများထက်ပညာရေးအခြေအနေနည်းရခြင်းမှာအမျိုးသားများသည်များသောအားဖြင့်ကျောင်းမနေဘဲအလုပ်လုပ် ကိုင်နေသောကြောင့်ဖြစ်သည်။ လူမှုရေးအခြေအနေသုံးသပ်ချက်တွင်အမျိုးသား ၁၀၀% ရရှိပြီးအမျိုးသမီးများသည်၅၀%ရရှိသည်၊၊အမျိုးသမီးများသည်အမျိုးသားများထက်လူမှုရေးအခြေအနေနည်းရခြင်းမှာအမျိုးသမီးများသည်ရပ်ရွာလူမှုရေးလုပ်ငန်းများတွင်ပါဝင်ခွင့်ရှိသော်လည်းအိမ်မှုကိစ္စများကိုလုပ်ကိုင်နေရခြင်းကြောင့်ဖြစ်သည်။အိမ်မှုကိစ္စအခြေအနေသုံးသပ်ချက်တွင်အမျိုးသား ၄၀%ရရှိပြီးအမျိုးသမီးများသည်၁၀၀%ရှိသည်။အမျိုးသားများသည်အမျိုးသမီးများထက်အိမ်မှုကိစ္စအခြေအနေနည်းရခြင်းမှာအမျိုးသားများသည်စားဝတ်နေရေးအတွက်ဝင်ငွေရှာဖွေနေရသဖြင့်အိမ်မှုကိစ္စဆောင်ရွက်နိုင်မှုအားနည်းရခြင်းဖြစ်ပါသည်။ဆုံးဖြတ်ချက်ချမှုအခြေအနေသုံးသပ်ချက်တွင်အမျိုးသားများက၈၀%အမျိုးသမီးများကလဲ၈၀%ရရှိပါသည်။ဆုံးဖြတ်ချက်ချမှုတွင်အမျိုးသားများနှင့်အမျိုးသမီးများတူနေရခြင်းမှာအမျိုးသားနှင့်အမျိုးသမီးများသည်ဆုံးဖြတ်ချက်ချရာတွင်တစ်ဦးနှင့်တိုင်ပင်ပြီးမှဆုံးဖြတ်ကြပါသည်။ဦးဆောင်နိုင်မှုတွင်အမျိုသားများသည်၁၀၀%ရရှိပြီးအမျိုးသမီးများသည်၅၀%ရရှိပါသည်။အမျိုးသမီးများသည်အမျိုးသားများထက်ဦးဆောင်နိုင်မှုနည်းရခြင်းမှာအမျိုး

သမီးများသည်နေ့စဉ်အိမ်မှုကိစ္စများကိုဆောင်ရွက်နေရသောကြောင့်ဖြစ်ပါသည်။ပိုင်ဆိုင်မှုထိန်းချုပ်မှုတွင်အမျိုးသားများသည်၁၀၀%နှင့်အမျိုးသမီးများသည်လဲ၁၀၀%ရရှိပါသည်။အမျိုးသားနှင့်အမျိုးသမီးများသည်ပိုင်ဆိုင်မှုကိုအတူတကွပိုင်ဆိုင်ပြီးအတူတကွထိန်းချုပ်ကြသည်။ဝင်ငွေရရှိမှုတွင်အမျိုးသားများသည်၇၀%အမျိုးသမီးများသည်၅၀%ရရှိပါသည်။အမျိုးသမီးများဝင်ငွေနည်းရခြင်းမှာအလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ဦးဆောင်နိုင်မှုနည်းပါးခြင်းနှင့်အိမ်မှုကိစ္စလုပ်ကိုင်နေရခြင်းကြောင့်ဖြစ်ပါသည်။ကျန်းမာရေးအခြေအနေတွင်အမျိုးသားများသည်၅၀%နှင့်အမျိုးသမီးများသည်၇၀% ရရှိပါသည်။ အမျိုးသားများသည်စားဝတ်နေရေးအတွက်လုပ်ကိုင်ရသဖြင့်မိသားစုကျန်းမာရေးကိုတာဝန်မှုအားနည်းခြင်းဖြစ်သည်။


ပံ့ပိုးကူညီသူ -ဒေါ်ယုယအောင်၊ဒေါ်ယဉ်မင်းသူ

ပါဝင်သူ - ရွာသူရွာသားများ

ပတ္တလားကျေးရွာအုပ်စု  အုတ်ဖုမြို့နူးကျေးရွာ  ၂၂.၂.၂၀၁၇

ပြဿနာသစ်ပင်

အကျိုး ⟶




အကြောင်း ⟶

## ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ပတ္တလားအုပ်စု၊ အုတ်မြေဒူးကျေးရွာ၏ ရွာတွင်းလမ်းမ ကောင်းခြင်းအခက်အခဲသုံးသပ်ချက်

နေ့စွဲ - ၂၂.၂.၂၀၁၇

နေရာ - အုတ်မြေဒူးကျေးရွာစာသင်ကျောင်း

အုတ်မြေဒူးကျေးရွာ၏ အဓိကရင်ဆိုင်နေရသော ပြဿနာမှာရွာတွင်းလမ်းမကောင်းခြင်းဖြစ်သည်။ ရွာတွင်း လမ်းမကောင်းရခြင်း၏ အကြောင်းအရင်းမှာ လက်ရှိလမ်းမှာ မြေသားလမ်းဖြစ်ခြင်း၊ ပြုပြင်မည့်သူမရှိခြင်း ပြုပြင်ရန်ရန်ပုံငွေများမရှိခြင်း၊ လမ်းဘေးရေနုတ်မြောင်းမရှိခြင်းနှင့် လမ်းဧ ရိယာကျဉ်း ခြင်း တို့ကြောင့်ဖြစ်သည်။

ရွာတွင်းလမ်းမကောင်းခြင်းကြောင့်ဖြစ်ပေါ်လာသောအကျိုးဆက်များမှာ ကလေးများကျောင်းသွားကျောင်းပြန်ခက်ခဲခြင်း၊စီးပွားရေးနှောင့်နှေးခြင်း၊လူမှုရေးအတွက်သွားလာရန်ခက်ခဲခြင်း၊စက်ဘီး၊ဆိုင်ကယ်များသွားလာရန်ခက်ခဲခြင်းနှင့်ရွာသားများသွားလာရေးခက်ခဲခြင်းတို့ဖြစ်ပါသည်။

ဦးဆောင်ဆွေးနွေးသူ - ဒေါ်ယုယအောင်၊ဒေါ်ယဉ်မင်းသူ

ပါဝင်ဆွေးနွေးသူ - ကျေးရွာသူကျေးရွာသားများ

# ကလျာအလိုက်ဖွံ့ဖြိုးရေးဦးစားပေးလုပ်ငန်းစဉ်များ

| အမျိုးသားဦးစားပေးလုပ်ငန်း | အမျိုးသမီးဦးစားပေးလုပ်ငန်း |
|---|---|
| (၁) စက်ရေတွင်းနှင့်ရေလှောင်ကန် | (၁) ရွာချင်းဆက်လမ်းဂဝံခင်းခြင်း |
| (၂) ရွာတွင်းလမ်းပြုပြင်တိုးချဲ့ခြင်း | (၂) ရေမြှုန်တည်ဆောက်ခြင်း |
| (၃)ရွာချင်းဆက်လမ်းဂဝံခင်းခြင်း | (၃) စက်ရေတွင်းနှင့်ရေလှောင်ကန် |
| (၄)ကျေးရွာမီးလင်းရေး(ဆိုလာမီး) | (၄) ရွာတွင်းလမ်းပြုပြင်တိုးချဲ့ခြင်း |
| (၅) ကျန်းမာရေးဆရာမနှင့်ဆေးပေးခန်း | (၅) ကျေးရွာမီးလင်းရေး(ဆိုလာမီး) |

# ကော်မတီဝင်စာရင်းများ

ကျေးရွာ - အုတ်မြေဒူး　　　　　　　　　　အုပ်စု -ပတ္တလား

| အမည် | ရာထူး | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|
| စောရဲမင်းလှိုင် | ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီ ဥက္ကဌ | ၀၉၇၇၃၀၁၃၅၉၀ | |
| ညားပန်းနွယ် | ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီ ဥက္ကဌ | ၀၉၂၅၀၃၀၅၈၇၃ | |
| စောညိုမဲ | ဝယ်ယူရေးဆပ်ကော်မတီဥက္ကဌ | ၀၉၀၉၄၄၀၄၁၃၇၆၈ | |
| နော်ရွှေဖင်ထိုက် | ဝယ်ယူရေးဆပ်ကော်မတီ အဖွဲ့ဝင် | ၀၉၇၈၈၂၉၇၁၉၄ | |
| ဦးဂျော့ဝင်း | လည်ပတ်/ ထိန်းသိမ်းဆပ်ကော်မတီ ဥက္ကဌ | ၀၉၂၅၀၃၀၅၈၇၂ | |
| နော်မေဖော | လည်ပတ်/ ထိန်းသိမ်းဆပ်ကော်မတီ အဖွဲ့ဝင် | ၀၉၇၇၂၇၆၂၈၃၃ | |
| စောတူးတူး | စောင့်ကြည့်/ကြီးကြပ်ဆပ်ကော်မတီ ဥက္ကဌ | ၀၉၂၆၄၀၉၆၉၅၉ | |
| နော်လေးလေးတူး | စောင့်ကြည့်/ကြီးကြပ်ဆပ်ကော်မတီ အဖွဲ့ဝင် | ၀၉၇၈၉၇၈၁၆၃၇ | |
| ဦးရွှေမွှေး | ဝေဖန်အကြံပြုကိုယ်စားလှယ် | | |
| နော်နွယ်နီဦး | ဝေဖန်အကြံပြုကိုယ်စားလှယ် | ၀၉၇၈၉၇၆၄၃၀၁ | |
| ဦးကျော်ဌေး | ကျေးရွာစေတနာ့ဝန်ထမ်း | ၀၉၂၆၁၇၅၇၁၄၉ | |
| နော်သိန်းဒီဖေါ | ကျေးရွာစေတနာ့ဝန်ထမ်း | ၀၉၂၆၅၂၇၉၅၂၃ | |
| စောအယ်ကော်စေး | ကျေးရွာငွေစာရင်းကိုင် | ၀၉၇၇၀၇၀၄၃၁၃ | |

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင်အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် | |
|---|---|---|---|
| ဦးလှဝင်း | ၀၉-၂၅၀၁၁၂၀၅၇ | ဒေါ်ယုယုအောင် | |
| ပြည်နယ်၊တိုင်းဒေသကြီး ပဲခူး | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု ပဗ္ဗလား | ကျေးရွာ ရှုတ်မြေနီ |

 က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) --ကရင်-- | ၆၇ | ဘာသာ (၁) --ဗုဒ္ဓ------ | ၆၄ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) --ခရစ်ယာန် | ၆ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော -ဗမာ+ကရင် | ၃ | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၃ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၃ | | |
| စစ်ဘေးရှောင် | – | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)--ကရင်- | ၁၈၉ | ၁၉၄ |
| လူမျိုးစု (၂)--ဗမာ-- | ၃ | |
| လူမျိုးစု (၃)-ဗမာ+ကရင် | ၉ | ၇ |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၆၄ | ၆ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် [signature] | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☑ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | (မော်တော်ဆိုင်ကယ်လမ်း) |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | လူသွားလမ်း | အခြား ________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — ခုနှစ် 2014/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် 0.45 /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် 00: 05 min ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန် 00 : 10 min ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ရေကြီးခြင်း

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) KDN ကော်မတီ

(၂) ------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးလှဝင်း

လက်မှတ် [signature] နေ့စွဲ 22.2.2017

လူထုစည်းရုံးရေးမှူး အမည် ဒေါ်ပပုယာအောင်

လက်မှတ် [signature] နေ့စွဲ 22.2.2017

# ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးမီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ယုယအောင် | | | |
| နေ့စွဲ 2/22/2017 | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ပဲခူး | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု ပတ္တလား | ကျေးရွာ အုတ်ရှိမြို့ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့် နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 2/22/2017 | 2/22/2017 | 12 | 27 | 39 | - |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 2/22/2017 | 2/22/2017 | 12 | 27 | 39 | - |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 2/23/2017 | 2/23/2017 | 11 | 8 | 19 | 2 \| ဗမာ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | - |

| | | | | | | |
|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| *လမ်းညွှန်ချက်*။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဂန်ထမ်း အမည် ဒေါ်ယုယုအောင် | | | |
| နေ့စွဲ | | စက်ဝန်းအား အမှတ်ခြစ်ပါ (✓) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း<br>ပဲခူး | မြို့နယ်<br>ကျောက်ကြီး | ကျေးရွာအုပ်စု<br>ပတ္တလား | ကျေးရွာ<br>အုတ်ဖြေနီး |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်မရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ရွာတွင်းလမ်းများ ကျဉ်းသောကြောင့် သွားလာရခက်ခဲပါသည်။ | ၁ | မိုးရာသီတွင် လမ်းများ ပျက်စီးသောကြောင့် သွားလာရခက်ခဲပါသည်။ |
| ၂ | ရေကောင်းရေသန့် ရှားပါးသော | ၂ | မိမိတို့ကျေးရွာတွင် ကျန်းမာရေးဆရာမ မရှိသောကြောင့် လူနာကို လျင်မြန်စွာမ |
| ၃ | ကြောင့် ကျန်းမာရေး ညံ့ပါသည်။ ဆေးပေးခန်း နှင့် ကျန်းမာရေး ဆရာမ | ၃ | ကုသနိုင်ပါ။ ရွာချင်းဆက်လမ်းများ ကျဉ်းသောကြောင့် |
| ၄ | အုပ်စုတွင်ရှိသော်လည်း ရွာတွင် မရှိခြင်း | ၄ | ကုန်တင်ကားများ လွယ်ကူစွာ မသွားလာနိုင်ပါ။ |
| ၅ | လျှပ်စစ်မီး မရရှိသောကြောင့် အစစအရာရာ ဖွံ့ဖြိုးမှု နောက်ကျခြင်း။ | ၅ | ရေမကောင်းသောကြောင့် သောက်သုံးရေ ရှားပါးပါသည်။ |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ရွာတွင်းလမ်းများ ကျယ်ဝန်းပြီး ရာသီမရွေး သွားလာနိုင်ချင်ပါသည်။ | ၁ | လမ်းများအား ရာသီမရွေး သွားလာနိုင်အောင် ကောင်းမွန်စေချင်ပါသည်။ |
| ၂ | ရေကောင်းရေသန့် ရရှိပြီး ကျန်းမာပျော်ရွှင်ချင်ပါသည်။ | ၂ | မိမိတို့ကျေးရွာတွင် ကျန်းမာရေးဆရာမ ရရှိပြီး အရေးပေါ်လူနာ လျင်မြန်စွာ ကုသနိုင်ချင်ပါသည်။ |

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၃ | ဆေးပေးခန်း နှင့် ကျန်းမာရေးဆရာမ ရရှိပြီး ကျန်းမာပျော်ရွှင် ချင်ပါသည်။ | ၃ | ရွာချင်းဆက်လမ်းများ ကျယ်ပြန့်ကောင်းမွန်ပြီး ဒေသထွက်ကုန်များ အချိန်မီ ရောင်းချ |
| ၄ | လျှပ်စစ်မီး ရရှိပြီး အစစအရာရာ ဖွံ့ဖြိုးတိုးတက် ချင်ပါသည်။ | ၄ | နိုင်ကာ စီးပွားရေး ကောင်းမွန်လာချင်ပါသည်။ |
| ၅ | စိုက်ပျိုးရေး နည်းပညာများ ရရှိပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်ချင်ပါသည် | ၅ | ရေကောင်းရေသန့် ရရှိပြီး ကျန်းမာပျော်ရွှင်သော မိသားစုများကို ပိုင်ဆိုင်ချင်ပါသည်။ |
| ၆ | | ၆ | အပိုင်အနိုင် မွေးမြူရေး နည်းပညာသင်တန်းများ ရရှိချင်ပါသည်။ |
| ၇ | | ၇ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျိုးဂင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအဟွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရွာချင်းဆက်လမ်း ဂဝ်ခင်းခြင်း | ကျား + မ | 7,000,000 | ၄၀၂ ဦး ခန့်. |
| ၂ | ရွာတွင်းလမ်း ပြုပြင်ခြင်း | ကျား + မ | 12,000,000 | ၄၀၂ ဦး ခန့်. |
| ၃ | ဆက်ရေတွင်း + ရေကန် | ကျား + မ | 4,500,000 | ၄၀၂ ဦး ခန့်. |
| ၄ | ဆိုလာမီး | ကျား + မ | | ၄၀၂ ဦး ခန့်. |
| ၅ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျိုးမပင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စိုက်ပျိုးရေးနှင့်ပညာသင်တန်း | က+မ | |
| ၂ | မွေးမြူရေး နှင့် ပါတ်သက် | က+မ | |
| ၃ | အသက်မွေးဝမ်းကျောင်း | | |
| ၄ | ပညာ သင်တန်း | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် စော ဓုမင်း လှိုင် လက်မှတ် နေ့စွဲ 22.2.2017

ပုံစံ ၈-၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ

| | |
|---|---|
| လမ်းညွှန်ချက်။ ။ ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ပြည့်စုံစွာ ဖြည့်သွင်းရမည်။ ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ | |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဒေါ်ပုယအောင် | |
| နေ့စွဲ 23. 7. 2017 | စက်ဝန်းအားအမှတ်ခြစ်ပေးပါ(✓) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ပဲခူး    မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု ပတ္တလား |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ပတ္တလား (ရွာသစ်) | ရွာချင်းဆက်သွယ်ကြောင်း ဂဝံခင်းခြင်း | 2500' x 8' x 6" | 692 ဦးခန့် | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | 7,000,000/- | — | — | | 7,000,000/- |
| ပေါက်ဘရော | ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း နှင့် ရေမြောင်းတံတား ဆောက်ခြင်း | 1700'x6'x6" & 2'ø 12'L ပြွန် 4 ခု | 445 ဦးခန့် | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | 19,200,000/- | — | — | | 19,200,000/- |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ    အမည်    လက်မှတ်    ရက်စွဲ 23-7-2017

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့၊ နံနက် (၉း၀၀) နာရီတွင် ကျောက်ကြီးမြို့နယ်၊ ပတ္တလားကျေးရွာအုပ်စု အုတ်မြေဒူးကျေးရွာတွင် ကျင်းပပြုလုပ်သော လူထုဗဟိုပြုစီမံကိန်း ဒုတိယစက်ဝန်း ပထမအကြိမ်၊ ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်း။

အစည်းအဝေးတက်ရောက်သူများ

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁ | ဒေါ်ယဉ်မင်းသူ | လက်ထောက်နည်းပညာမှူး |
| ၂ | ဒေါ်ယုယအောင် | လူထုစည်းရုံးရေးမှူး |
| ၃ | ကျေးရွာလူထု | (PC – 12 -၃၉ဦး) |
| ၄ | စောရဲမင်းလှိုင် | (ကျေးရွာ/စီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဋ္ဌ) |
| ၅ | ညားပန်းနွယ် | (ကျေးရွာ/စီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဋ္ဌ) |
| ၆ | စောညီမြဲ | (ဂယ်ယူရေးကော်မတီဥက္ကဋ္ဌ) |
| ၇ | နော်ရွှေဇင်ထိုက် | (ဂယ်ယူရေးဆပ်ကော်မတီအဖွဲ့ဝင်) |
| ၈ | စောတူးတူး | (စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ) |
| ၉ | နော်လေးလေးထူး | (စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ) |
| ၁၀ | ဦးဂျော့ဝင်း | (လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီဥက္ကဋ္ဌ) |
| ၁၁ | နော်မေဖော | (လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ) |
| ၁၂ | ဦးရွှေမွေး | (ဝေဖန်အကြံပြုကိုယ်စားလှယ်) |
| ၁၃ | နော်နွယ်နီဦး | (ဝေဖန်အကြံပြုကိုယ်စားလှယ်) |
| ၁၄ | ဦးကျော်ငွေး | (စေတနာ့ဝန်ထမ်း) |
| ၁၅ | နော်သိန်းဒီဖေါ | (စေတနာ့ဝန်ထမ်း) |
| ၁၆ | စောအယ်ကော်စေး | (ကျေးရွာငွေစာရင်းကိုင်) |

## ရည်ရွယ်ချက်

လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်းအတွက် စီမံကိန်းအကြောင်းမိတ်ဆက်ခြင်း၊အခက်အခဲနှင့်မျှော်မှန်းချက်များ၊ လုပ်ငန်းများရွေးချယ်ခြင်းနှင့်ကော်မတီများပြန်လည်အတည်ပြုခြင်း၊ပြန်လည်ရွေးချယ်ခြင်း၊ဒုတိယနှစ်စက်ဝန်းအတွက် လုပ်ငန်းအတည်ပြုခြင်း ကိုရည်ရွယ်ပါသည်။

## ဆွေးနွေးချက်များ

၁။ ရှေးဦးစွာ အုတ်မြေဒူးကျေးရွာအုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ထိုနောက် ဂန်ထမ်းများမှလည်း မိတ်ဆက်ခဲ့ကြပါသည်။

၂။ ဆက်လက်၍ လူထုစည်းရုံးရေးမှူးဒေါ်ယုယအောင်မှ လူထုဗဟိုပြုစီမံကိန်း၏ ရည်ရွယ်ချက်၊ စီမံကိန်းမိတ်ဆက်၊ စီမံ ကိန်းစက်ဂန်းများကိုရှင်းလင်းပြောကြားခဲ့သည်။

၃။ လက်ထောက်နည်းပညာမှူး ဒေါ်ယဉ်မင်းသူမှ အကျုံးဂင်၊အကျုံးမဂင်သောလုပ်ငန်းများအကြောင်းကိုရှင်းလင်းပြောကြားခဲ့သည်။

၄။ ဆက်လက်၍အဖွဲ့များခွဲ၍ လူမှုဆန်းစစ်ခြင်းဖြစ်သော လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ၊ ဥစ္စာဓနခွဲခြမ်းစိတ်ဖြာခြင်း၊ ပိုင်ဆိုင်မှုကိုအသုံးပြုခြင်းနှင့်ပိုင်ဆိုင်မှုကိုထိန်းချုပ်ခြင်း၊ ပင့်ကူအိမ်သုံးသပ်ခြင်း၊ ရာသီခွင်ပြပြက္ခဒိန်နှင့် အဖွဲ့အစည်းချိတ်ဆက်မှုပြဇယားများကိုအသီးသီးပြုလုပ်ခဲ့ကြသည်။

၅။ ထိုနောက်အမျိုးသမီးအမျိုးသားများနှစ်ဖွဲ့ခွဲ၍ အခက်အခဲပြဿနာနှင့်မျှော်မှန်းချက်များကိုဆွေးနွေးခဲ့ကြပြီးဦးစားပေးလုပ်ငန်းများကိုရွေးချယ်ခဲ့ကြသည်။

၆။ကော်မတီများပြန်လည်အတည်ပြုခြင်းနှင့်ပြန်လည်ရွေးချယ်ခြင်းအစီအစဉ်ကိုလူထုစည်းရုံးရေးမှူးဒေါ်ယုယအောင်မှဦးဆောင်၍ကျေးရွာလူထုနှင့်အတူဆွေးနွေးခဲ့ကြပါသည်။ ထိုသို့ဆွေးနွေးရာတွင် ကျေးရွာလူထုမှ ပထမနှစ်စီမံကိန်းတွင် လုပ်ဆောင်ခဲ့သော ကော်မတီများကို ဒုတိယနှစ်တွင်လည်းဆက်လက်လုပ်ဆောင်ရန်ဆွေးနွေးတင်ပြခဲ့ပါသည်။ သို့ရာတွင် တချို့သောကော်မတီဝင်များသည် စားဝတ်နေရေးအရပြောင်းရွှေ့နေထိုင်ရသောကြောင့် ထိုသူများအစားထပ်ရွေးမှအဆင်ပြေမည်ဖြစ်ကြောင်းဆွေးနွေးကြပါသည်။ထိုနောက်လိုအပ်သောကော်မတီဂင်များကိုကျေးရွာလူထုသဘောတူဆုံးဖြတ်ရွေးချယ်သည့်အတိုင်းရွေးချယ်ခဲ့ကြပါသည်။

၈။ ထိုနောက် ဒုတိယနှစ်စက်ဂန်းတွင် လုပ်ဆောင်မည့်လုပ်ငန်းများကိုဆွေးနွေးပြီးအများသဘောတူဆုံးဖြတ်ရွေးချယ်ခဲ့ကြပါသည်။

**ဆုံးဖြတ်ချက်များ**

၉။

(က)

| စဉ် | ဆုံးဖြတ်ချက် | လုပ်ဆောင်ရန် |
|---|---|---|
| ၁ | စောရဲမင်းလှိုင်(ကျေးရွာ/စီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဌ) | စောရဲမင်းလှိုင် |
| ၂ | ညားပန်းနွယ်(ကျေးရွာ/စီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဌ) | ညားပန်းနွယ် |
| ၃ | စောညိုမဲ (ဂယ်ယူရေးကော်မတီဥက္ကဌ) | စောညိုမဲ |
| ၄ | နော်ရွှေဇင်ထိုက်(ဂယ်ယူရေးအဖွဲ့ဝင်) | နော်ရွှေဇင်ထိုက် |
| ၅ | စောတူးတူး(စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီဥက္ကဌ) | စောတူးတူး |
| ၆ | နော်လေးလေးထူး (စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ) | နော်လေးလေးထူး |
| ၇ | ဦးဂျော့ဝင်း(လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီဥက္ကဌ) | ဦးဂျော့ဝင်း |
| ၈ | နော်မေဖော(လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ) | နော်မေဖော |
| ၉ | ဦးရွှေမွှေး(ဂေဖန်အကြံပြုကိုယ်စားလှယ်) | ဦးရွှေမွှေး |
| ၁၀ | နော်နွယ်နီဦး (ဂေဖန်အကြံပြုကိုယ်စားလှယ်) | နော်နွယ်နီဦး |
| ၁၁ | ဦးကျော်ငွေး(စေတနာ့ဝန်ထမ်း) | ဦးကျော်ငွေး |
| ၁၂ | နော်သိန်းဒီဖေါ (စေတနာ့ဝန်ထမ်း) | နော်သိန်းဒီဖေါ |
| ၁၃ | စောအယ်ကော်စေး (ကျေးရွာငွေစာရင်းကိုင်) | စောအယ်ကော်စေး |

(ခ)

| စဉ် | ဆုံးဖြတ်ချက်များ | လုပ်ဆောင်ရန် |
|---|---|---|
| ၁ | ရွာချင်းဆက်လမ်းဂဝံခင်းခြင်း | ကော်မတီဝင်များနှင့်ကျေးရွာလူထု |

၈။ အစည်းအဝေးကိုဆက်လက်ဆွေးနွေးရန်မရှိတော့သဖြင့် (၁၂:၃၀) နာရီတွင်ရုတ်သိမ်းလိုက်ပါသည်။

မှတ်တမ်းတင်သူ

အမည် - ဒေါ်ယုယအောင်

ရာထူး - လူထုစည်းရုံးရေးမှူး